ကမ္ဘာ့ဘဏ်က ခန့်မှန်းသော စီးပွားရေးတိုးတက်မှုနှုန်း၏ ၀ ဒသမ ၃ ရာခိုင်နှုန်းသာ မြန်မာတိုးတက်

သတင်းရင်းမြစ် > ထင်လင်းအောင်
အင်္ဂါနေ့၊ အောက်တိုဘာလ ၀၈ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၄၇ မိနစ်

အရှေ့အာရှနိုင်ငံများအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်နှေးကွေးလာကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှ နှင့် ပစိဖိတ်ဒေသစီးပွားရေးအစီအရင်ခံစာတွင် ဖော်ပြထားကြောင်း ကမ္ဘာ့ဘဏ်က အောက်တိုဘာ ၇ ရက်တွင်ထုတ်ပြန်လိုက်သည်။

ထိုသို့ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးလာခြင်းမှာ တရုတ်နိုင်ငံသည် ပို့ကုန်ဗဟိုပြု စီးပွားရေးမှ ပြည်တွင်းဝယ်လိုအားအပေါ် ပိုမိုအားစိုက်လာခြင်းနှင့် အာဆီယံဒေသတွင်း နိုင်ငံများတွင်ပါဝင်သော အင်ဒိုနီးရှား၊မလေးရှား နှင့် ထိုင်းနိုင်ငံတို့သည် ပို့ကုန်တင်ပို့အားနည်းလာခြင်းများကြောင့်ဖြစ်ကြောင်း အဆိုပါ အစီအရင်ခံစာတွင် ဖော်ပြထားကြောင်းပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း ကမ္ဘာ့ဘဏ်ခန့်မှန်းထားသည့် စီးပွားရေးတိုးတက်မှုနှုန်း၏ ၀ ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်လာကြောင်း စီးပွားရေးဖွံ့ဖြိုးမှုလျာထားချက် ဇယားတွင်ပါရှိသည်။

ယင်းစီးပွားရေးတိုးတက်မှုအစီအရင်ခံစာသည် ကျန်ရှိခဲ့သည့် နှစ်အပေါ်တွင် နိုင်ငံ၏ဖွံ့ဖြိုးမှုအလိုက် ကမ္ဘာ့ဘဏ်မှ ခန့်မှန်းထုတ်ပြန်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ အာရှဒေသတွင်းနိုင်ငံများသည် ၁၉၈၀ပြည့်နှစ်ဝန်းကျင် မှစတင်ကာ စီးပွားရေးအရှိန်အဟုန်မြင့်မားလာခဲ့ခြင်းဖြစ်၍ လက်ရှိအချိန်တွင်မှ တိုးတက်မှု အရှိန်အဟုန် ပြန်လည်နှေးကွေး လာမှုကို ဖော်ပြခြင်းဖြစ်ကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ဦးလှမောင်က ဆိုသည်။

ဦးလှမောင်က"ကမ္ဘာ့ဘဏ်က ထုတ်ပြန်တာက နှစ်အလိုက် တိုးတက်လာတာနဲ့ ဆက်တိုးတက်နိုင်တဲ့ အပေါ်ခန့်မှန်းပြီးထုတ်ပြန်တာဖြစ်ပါတယ်။ အာရှနိုင်ငံတွေက စီးပွားရေးအရှိန်နဲ့တိုးတက်ခဲ့တာ နှစ်အကြာ ကြီး ကြာပါပြီ။ အဲဒီတော့ စီးပွားရေးတိုးတက်မှု နှေးကွေးလာတာကိုပဲ ထုတ်ပြန်တာပါ။ စီးပွားရေးကျဆင်း လာတာမဟုတ်ပါဘူး"ဟု ဆိုသည်။

ထိုသို့ အာရှတွင်းနိုင်ငံများအနေဖြင့် စီးပွားရေးတိုးတက်မှုနှေးကွေးလာခြင်းကြောင့် ဥရောပနိုင်ငံများနှင့် အမေရိကန် ကဲ့သို့သော နိုင်ငံများနှင့်စီးပွားရေးကမ်းလှမ်းလုပ်ဆောင်မှုများကို လုပ်ကိုင်သင့်ကြောင်း ယင်း၏ အမြင်ကိုဆိုသည်။

ဆက်လက်၍ ဦးလှမောင်က "အဲတော့ မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးတိုးတက်နှုန်း နှေးလာတဲ့ အာရှတွင်း နိုင်ငံတွေ ထက် ဥရောပတို့ အမေရိကန်တို့နဲ့ ချိတ်ဆက်ပူးပေါင်းရင်ပိုပြီး မြန်မြန်တိုးတက်နိုင်တာပေါ့။ ထိုင်းဆိုတာလည်း သူတို့နိုင်ငံစီးပွားရေးတိုးတက်မှုမြန်အောင် အမေရိကန်နဲ့ပဲ ပူးပေါင်းလုပ်ကိုင်ခဲ့တာပဲ" ဟုပြောသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ၂၀၁၃ခုနှစ် ဧပြီလက ထုတ်ပြန်ခဲ့သည့် အစီအရင်ခံစာတွင် အရှေ့အာရှနှင့် ပစိဖိတ် ဒေသရှိ
နိုင်ငံများအတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းလျာထားချက်မှာ ၂၀၁၃ ခုနှစ်တွင် ၇ ဒသမ ၁ ရာ ခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း ခန့်မှန်းထားခဲ့သော်လည်း လက်ရှိအချိန်တွင်မှ စီးပွား ရေးဖွံ့ဖြိုးမှု အနည်းငယ် ကျဆင်းနေခြင်းဖြစ်ကြောင်းပါရှိသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနေအထားကိုမူ ၂၀၁၃ ခုနှစ်တွင် နိုင်ငံ့ဂျီဒီပီ၏ ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာရန် ခန့်မှန်းလျာထားသော်လည်း အမှန်တကယ်တွင် ခန့်မှန်း လျာထားချက်၏ ၀ ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်လာကြောင်း ဇယားတွင် ပါရှိသည်။

သို့ဖြစ်ရာ ယင်းနိုင်ငံများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အန္တရာယ် များနှင့် ရေရှည်ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည့် အခြေအနေများကို ဖန်တီးနိုင်ရမည်ဖြစ်ကာ ရင်းနှီး

သတင်းရင်းမြစ် > ထင်လင်းအောင်
အင်္ဂါနေ့၊ အောက်တိုဘာလ ၀၈ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၄၇ မိနစ်

မြှုပ်နှံတိုးမြှင့်ခြင်းနှင့် လျှပ်စစ်မီးကဲ့သို့သော အခြေခံအဆောက်အအုံပိုင်းကို နိုင်ငံအစိုးရများက ဖြည့်ဆည်းဆောင်ရွက်ခြင်းကဲ့သို့သော နည်းလမ်းများကိုရှာဖွေဖန်တီးရန် လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်ချက်ပါဝင်သည်။

အရှေ့အာရှ နှင့် ပစိဖိတ်ဒေသ စီးပွားရေးအစီရင်ခံစာသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးအခြေအနေများကို ကျယ်ပြန့်စွာ လေ့လာသုံးသပ်ထားသော ကမ္ဘာ့ဘဏ်၏ အစီအရင်ခံစာဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ်ထုတ်ပြန်သည့် အစီရင်ခံစာဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Burma News from Mizzima
.